# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 13, 2024 | Volume 78, Number 8

၁၃.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၇ သိန်းနီးပါးတင်ပို့ခဲ့



ကချင်ပြည်နယ် ကံပိုင်တည်နှင့်လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၇ သိန်းနီးပါး တင်ပို့ထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၆၉၀,၀၀၀ ကျော် တင်ပို့ထားပြီး ယခင်ကာလတူနှစ်ထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ၂၀၂၄ခုနှစ် ဧပြီလအတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တန်ချိန် ၈၀,၀၀၀ ကျော်တင်ပို့ထားပြီး လက်ရှိမှာ စိုက်ပျိုးရေးသီးနှံထွက်ကုန်အမျိုးအစား (၃၀) ကျော် ကုန်သွယ်လျက်ရှိကြောင်း ကချင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်လွင်ဦးကပြောသည်။

"ကချင်ပြည်နယ်မှာ တစ်သျှူးငှက်ပျောစိုက်ဧက ၇၀,၀၀၀ ကျော်ရှိပါတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ်မှာ ဧက ၆၈,၀၀၀ကျော် ခုတ်သိမ်းနိုင်ခဲ့ပါတယ်။ အဓိကစိုက်ပျိုးတဲ့မြို့နယ်တွေကတော့ ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးမောက်၊ ဗန်းမော်၊ ရွှေကူမြို့နယ်တွေဖြစ်ပါတယ်။ ကချင်ပြည်နယ်ကထွက်ရှိတဲ့ တစ်သျှူးငှက်ပျောတွေကို လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့လျက်ရှိပါတယ်"ဟု ၎င်းကပြောသည်။

၂၀၂၂-၂၀၂၃ ခုနှစ်မှာ တန်ချိန် ၄၉၀,၀၀၀ကျော်တင်ပို့နိုင်ခဲ့ပြီး(၂၀၂၃-၂၀၂၄) ခုနှစ်မှာ ၆၃၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။ လက်ရှိ ၂၀၂၄ ခုနှစ် ဧပြီလမှာ ကံပိုင်တည်ကုန်သွယ်ရေးစခန်း တစ်ခုတည်းကနေ တန်ချိန် ၈၈,၀၀၀ ကျော် တင်ပို့ထားခဲ့သည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

လက်ရှိရောင်းချနေရသည့် စျေးနှုန်းတွေက အချိန်နှင့်အမျှ ပြောင်းလဲမှုများရှိသော်လည်း ပျမ်းမျှအားဖြင့် တစ်ကီလိုဂရမ်ကို ၂ ဒသမ ၅ယွမ် ပေါက်စျေးရှိသည်။ ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းကနေ သီးနှံထွက်ကုန်(၁၀)မျိုး၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းကနေ သီးနှံထွက်ကုန်(၁၀)မျိုး တင်ပို့ထားပြီး ကချင်ပြည်နယ်တစ်ခုလုံးအနေဖြင့် နယ်စပ်ကုန်သွယ်ရေး (၂) ဂိတ်ပေါင်း သီးနှံ(၃၁)မျိုး တင်ပို့လျက်ရှိရာ ကြက်သွန်နီ၊ နှမ်း၊ ရွှေဖရုံ၊ မြေထောက်ပဲ၊ မြေပဲ၊ ဖရဲ၊ သခွားစသည့်သီးနှံများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၆-၅-၂၀၂၄ မှ ၁၀-၅-၂၀၂၄) အတွင်း ပဲနှင့်အခြား ကုန်စည်စျေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) စျေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၁၂၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၈၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၀၆၅,၀၀၀ စျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၃၅,၀၀၀ စျေးကျဆင်းခဲ့ပြီး မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၅,၀၀၀ အသီးသီး စျေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၅လုံး (တန်ချိန် ၂၂၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၅လုံး (တန်ချိန် ၁၃၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရော်ဘာ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရော်ဘာသီး (တစ်ပိဿာ) စျေးနှုန်းများမှာ ပန်းရဲရော်ဘာ (သစ်) AC ကျပ် ၄၅၀၀၊ မြားနီ ကျပ် ၄၀၀၀၊ ပန်းတနော်ရှည် ကျပ် ၃၇၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၂၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၂,၅၀၀ စျေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရော်ဘာစျေးများငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရော်ဘာရှည်အိတ်ပေါင်း ၈၅၀၀ (၁၇၀,၀၀၀ ပိဿာ)နှင့် ရော်ဘာပု အိတ်ပေါင်း ၁၂၀၀ ( ၁၆,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရော်ဘာရှည် အိတ်ပေါင်း ၁၁၈၀၀ (၂၃၆,၀၀၀ ပိဿာ) နှင့် ရော်ဘာပုအိတ်ပေါင်း ၉၅၀ (၁၄,၂၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရော်ဘာရှည်အိတ်ပေါင်း ၃၃၀၀ (၆၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ရော်ဘာပု အိတ်ပေါင်း ၁၅၀ (၂၂၅၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) စျေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၄၅၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီး သီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ စျေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) စျေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၄၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၆၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၈၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၀၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒိုး) ကျပ် ၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ်၂၀၀ စျေးကျဆင်းခဲ့ပြီး ရေစကြို ထန်းလျက်(ချော) ကျပ် ၃၀၀ စျေး မြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာစျေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၆-၅-၂၀၂၄ မှ ၁၀-၅-၂၀၂၄)ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၄၀၀၊ မုံရွာရှယ် ကျပ် ၂၄၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၃၀၀၊ မုံရွာလတ်သန့် ကျပ် ၂၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၀၊ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀ အသီးသီး ဈေးကျဆင်း ခဲ့ပြီး မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇၇ စီး (၁,၀၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၈ စီး (၇၀၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက်ကား စီးရေ ၅၉ စီး (၃၅၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**


ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ် နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၆၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၇၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၆၅၀၀ (၁၉၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၅၈၀၀ (၁၇၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ်ရေ ၇၀၀ (၂၁,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်၊ ဟဲဟိုးမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၁၄၀၀ ၊ ဟဲဟိုး OK ကျပ် ၁၆၀၀ ၊ ဟဲဟိုး S1 ကျပ် ၁၆၀၀၊ ဟဲဟိုး S2 ကျပ် ၁၄၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း ဟဲဟိုး A1 ကျပ် ၃၀၀ ၊ ဟဲဟိုး OK ကျပ် ၃၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၀၀၊ ဟဲဟိုး S2 ကျပ် ၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၃၃ စီး (၁၉၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီး ရေ ၃၉ စီး (၂၃၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင်း ယခင်အပတ်ထက် ကားစီးရေ ၆ စီး (၃၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလ အတွင်း ကွမ်းသီးအနုပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍သိရ သည်။ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးများအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချ လျက်ရှိရာ မတ်လအတွင်းက ကွမ်းသီးအနုပိဿာချိန် ၆၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ကွမ်းသီးအနု ပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ပြည်ပဈေးကွက်က မှာယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့မဲ့ကုန်တွေလဲ များလာတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၈၅,၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ပြည်တွင်းကထွက်ရှိတဲ့ ကွမ်းသီးအနုတွေကိုတော့ တရုတ်နိုင်ငံကို အဓိကထားတင်ပို့ပါတယ်”ဟု ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာကပြောပြသည်။ ဖျာပုံမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များမှကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူ၍ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၂၂၀ ကျပ်ဖြင့် နှစ်ပတ်ဆက်တိုက်ဈေးငြိမ်နေ



ဈေးကွက်အတွင်းရောင်းချရမည့် စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာ (၅၂၂၀)ကျပ်ဖြင့် နှစ်ပတ်ဆက်တိုက်ဈေးငြိမ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သိရသည်။

စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ကော်မတီမှ အပတ်စဉ်ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ (၁၃) ရက်မှ မေ (၁၉) ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၂၂၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီ ရောင်းချသူများအနေဖြင့် ဈေးကွက်အတွင်း၌ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

Source: https://www-popularmyanmar-com.translate.goog/

## ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန် မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မင်းထက်မင်းဆိပ်ကမ်း (MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၀၊ ရွှေမဲဆိပ်ကမ်း (SMJ))မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀၀၊ Wilmar (Wilmar International

Port Terminal) ဆိပ်ကမ်းမှ ဆန်တန်ချိန် ၄၈၅၀ တင်ပို့ခဲ့သည်။

ထို့ပြင် မေလ ၁၅ ရက်တွင် ဆူးလေဆိပ်ကမ်း(SPW)မှ ပြောင်းဖူးစေ့တန်ချိန် ၇၁,၉၀၀ နှင့် ဆန်တန်ချိန် ၆၀၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP)မှ ပြောင်းဖူးစေ့တန်ချိန် ၅၃,၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT)မှ ပြောင်းဖူးစေ့တန်ချိန် ၅၈,၄၀၀၊ ဆန်တန်ချိန် ၁၂,၅၀၀၊ ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal– TMT မှ ပြောင်းဖူးစေ့တန်ချိန် ၂၉,၅၀၀၊ မင်းထက်မင်းဆိပ်ကမ်း(MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၊ Yangon International Gateway Terminal (YIGT))မှ ပြောင်းဖူးစေ့တန်ချိန် ၁၁,၀၀၀၊ Myanmar Five Star Line (MFSL) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။


**Source: ကုန်သွယ်ရေးဦးစီးဌာန**

**Source: https://commerce.gov.mm**

**https://myantrade.gov.mm/article/naypyitaw**

**https://www.myawady.net.mm/node/55840**

## ဆန်တန်ချိန် ၈ သန်းတင်ပို့ရန် လုံလောက်မှုရှိကြောင်း ဗီယက်နမ်နိုင်ငံပြောကြား



ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၄၃ သန်းအထိ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားပြီး ၎င်းပမာဏသည် ပြည်တွင်းစားသုံးမှုနှင့် ဆန်တန်ချိန် ၈ သန်းကျော်ရှိသော ပို့ကုန်ဝယ်လိုအားတို့အတွက် လုံလောက်မှုရှိကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမလေးလတွင် ပြည်ပသို့ ဆန်တန်ချိန် ၃.၂၃ သန်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂.၀၈ ဘီလီယံရရှိခဲ့ရာ ယမန်နှစ်၏ အလားတူကာလတင်ပို့မှုထက် တန်ဖိုးအားဖြင့် ၃၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကုန်ချိန်ပမာဏအားဖြင့် ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ယခုနှစ်အစပိုင်းမှစတင်၍ ဆန်ပို့ကုန်တန်ဖိုးမှာ မြင့်တက်လာခဲ့ရာ တစ်တန်လျှင် ၆၄၄ အမေရိကန်ဒေါ်လာအထိရောက်ရှိခဲ့ပြီး ၂၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

မကြာသေးမီက မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ Can Tho မြို့၌ကျင်းပသည့် ဆန်တင်ပို့မှုဆိုင်ရာ ညီလာခံတစ်ရပ်တွင် အစီရင်ခံတင်ပြမှုများအရ အယ်လ်နီညိုနှင့်ရာသီဥတုဖောက်ပြန်မှုများကြောင့် ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် ကမ္ဘာ့ဆန်ထွက်ရှိမှုသည် တန်ချိန် ၅၁၈ သန်းခန့်သို့ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ စားသုံးမှုအတွက် လိုအပ်ချက်မှာ တန်ချိန် ၅၂၅ သန်းရှိသဖြင့် ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသည် ဆန်တန်ချိန် ၇ သန်းခန့် ပြတ်လပ်မှုနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေအနေသည် ဗီယက်နမ်နိုင်ငံအပါအဝင် ဆန်တင်ပို့သူများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း၊ ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုရှိသည့်အပြင် တစ်ချိန်တည်းမှာပင် ကမ္ဘာ့ဈေးကွက်သို့ ဆန်တန်ချိန် ၈ ဒသမ ၁၃ သန်း တင်ပို့ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ဆန်စပါးထွက်ရှိမှု အကြီးမားဆုံးနှင့် အချက်အချာဖြစ်သည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် တင်ပို့ရန်ဆန်ပမာဏစုစုပေါင်းသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၇ ဒသမ ၆ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း Vietnam Plus သတင်းဌာနက ဖော်ပြထားသည်။

**Source: Vietnam Plus, 2 May 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

**https://myantrade.gov.mm/article/naypyitaw_130**

## ဆော်ဒီအာရေဗျမှ ဈေးနှုန်းမြှင့်လိုက်၍ လောင်စာဆီဈေး ပြန်လည်မြင့်တက်

ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အလားအလာမသေချာခြင်းနှင့် အစ္စရေး-ဟားမတ်စ်ပဋိပက္ခသည် အဓိကရေနံထုတ်လုပ်သည့်ဒေသတွင် ဆက်လက်ကျယ်ပြန့်လာမည်ကို စိုးရိမ်မှုများကြောင့် ဆော်ဒီအာရေဗျသည် ဒေသအများစုအတွက် ဖွန်လတွင်း ရေနံစိမ်းဈေးနှုန်းများ တိုးမြှင့်လိုက်ပြီးနောက် တနင်္လာနေ့တွင် ရေနံရှယ်ယာဈေး မြင့်တက်လာခဲ့သည်။ Brent ရေနံစိမ်းရှယ်ယာဈေးသည် ၂၈ ဆင့် သို့မဟုတ် ၀ ဒသမ ၃ ရာခိုင်နှုန်းတက်လာပြီး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၂၄ သို့ တက်ခဲ့ကာ အမေရိကန် တက္ကဆက်အနောက်ပိုင်းတွင် ရေနံစိမ်းရှယ်ယာဈေးမှာ တစ်စည်လျှင် ၂၉ ဆင့် သို့မဟုတ် ၀ ဒသမ ၄ ရာခိုင်နှုန်းအထိတက်သွားပြီး အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၄၀ ပေါက်ခဲ့သည်။

ဆော်ဒီအာရေဗျမှ လာမည့်နွေရာသီအတွင်း ဝယ်လိုအားမြင့်တက်မည်ဟု ခန့်မှန်းချက်များဖြင့် အာရှ၊ ဥရောပ အနောက်မြောက်ပိုင်းနှင့် မြေထဲပင်လယ်ဒေသတို့သို့ ဖွန်လတွင်ရောင်းချမည့် လောင်စာဆီတရားဝင်ဈေးနှုန်းကို မြှင့်တင်ခဲ့သည်။

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် ING အုပ်စု၏ ကုန်စည်သုတေသနဌာနအကြီးအကဲ Warren Patterson က ပထဝီဝင်နိုင်ငံရေးတင်းမာမှုများ လျော့နည်းလာမှုကြောင့် ပြီးခဲ့သည့်အပတ်က ၇ ဒသမ ၃ ရာခိုင်နှုန်းထက် ပို၍ ကျဆင်းခဲ့သည့် Brent ရေနံစိမ်းဈေးသည် ပိုမိုအားကောင်းစွာဖြင့် ဈေးဖွင့်ခဲ့ကြောင်း၊ ဆော်ဒီအာရေဗျက ယခုသုံးလပတ်တွင် ရောင်းလိုအားကို တင်းကျပ်လိုက်ပြီး ဒေသအများစုအတွက် ဖွန်လတွင်း တရားဝင်ရောင်းဈေးကိုမြှင့်ပြီးနောက် ဈေးနှုန်းပြန်တက်လာခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံသူများက အားနည်းသော အမေရိကန်အလုပ်အကိုင်ရရှိမှု အချက်အလက်များနှင့် ဗဟိုဘဏ်အတိုးနှုန်း ဖြတ်ချပေးမည့် အချိန်ကိုချိန်ညှိထားသောကြောင့် ပြီးခဲ့သည့်အပတ်က Brent ရေနံရှယ်ယာဈေးသည် ၃ လအတွင်း ၇ ရာခိုင်နှုန်း ကျော်ကျဆင်းသွားပြီး အမေရိကန် တက္ကဆက်အနောက်ပိုင်း ရေနံရှယ်ယာဈေးမှာ ၆ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားသဖြင့် အဆိုးရွားဆုံး အရှုံးပေါ်ခဲ့သည့် သီတင်းပတ်ဖြစ်ခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်နေသောကြောင့် ရေနံဈေးအပေါ် ပထဝီဝင်နိုင်ငံရေး စွန့်စားရမှုကြေးလည်း လျော့နည်းလာသည်။ သို့သော် ဟားမတ်စ်ကဓားစာခံများ လွတ်မြောက်ရေးအတွက် စစ်ပွဲအဆုံးသတ်ရန် တောင်းဆိုခဲ့သော်လည်း အစ္စရေးဝန်ကြီးချုပ် Benjamin Netanyahu က ပြတ်ပြတ်သားသား ငြင်းဆိုခဲ့သဖြင့် သဘောတူညီမှုရရှိရန် အလားအလာနည်းပါးခဲ့သည်။

ရောင်းလိုအားကို တင်းကျပ်စေနိုင်သည့် လက္ခဏာတစ်ရပ်အဖြစ် အမေရိကန်စွမ်းအင်ကုမ္ပဏီများက ပြီးခဲ့သည့် သီတင်းပတ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးစင်များကို ၄၉၉ ခုထိလျှော့ချခဲ့ပြီး၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အကြီးမားဆုံးလျှော့ချမှုအဖြစ် Baker Hughes ( BKR.O) စွမ်းအင်ကုမ္ပဏီ၏ သောကြာနေ့က အစီရင်ခံစာတစ်ခုတွင် ဖော်ပြခဲ့သည်။

Source: www.reuters.com

Source: WTO ဌာနခွဲ

# STOCK EXCHANGE (13.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th May. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,418 (Shares) | 11,329,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 512 | 4,454,600 | 33,109,694 | 291,365 |
| MTSH | 00002 | 2,850 | -100 | -3.39% | 2,950 | 2,950 | 2,850 | 1,238 | 3,591,850 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 151 | 233,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,700 | -250 | -8.47% | 2,700 | 2,700 | 2,700 | 6 | 16,200 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,650 | 502 | 853,100 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 2,200 | +50 | +2.33% | 2,150 | 2,250 | 2,150 | 1,009 | 2,180,750 | 23,804,946 | 52,371 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 13th May. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.96 | -1.82 | -0.49% | 371.55 | 371.78 | 368.42 | 3,418 | 11,329,600 | 8 | 699,705 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 13th May. 2024

| Trading Volume | Trading Value |
|---|---|
| 3,418 (Shares) | 11,329,600 (MMK) |

## Main Board

As of 1:00 pm, 13th May. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,418 (Shares) | 11,329,600 (MMK) |

| MYANPIX | 370.96 ▼ 1.82 |
|---|---|
| Total Volume (shares) | 3,418 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,705 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 100 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,700 | ▼ 250 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,200 | ▲ 50 |